ပအိုဝ်းဖေႏလို့ယွဲစို့

**Pa-O Youth Organization**

P.O.Box 134, Mae Sot, Tak, 63110, Thailand, Email: pyohq@yahoo.com, Tel: 66 55 533115


## နအဖ စစ်တပ်မှ ဆီဆိုင်မြို့နယ်ရှိ ပအိုဝ်းရွာသားများအား သတ်ဖြတ်မှုနှင့် ညင်းပမ်းနှိပ်စက်မှုအပေါ် ပအိုဝ်းလူငယ်အစည်းအရုံး၏ သဘောထားထုတ်ပြန်ချက်။

ရက်စွဲ- ၂၀၀၉ ခု မေလ (၈)ရက်

၂၀၀၉ ခုနှစ် မေလ(၆)ရက်နေ့တွင် ရှမ်းပြည်တောင်ပိုင်း ဆီဆိုင်မြို့နယ်အတွင်းရှိ ခမရ (၄၂၅) သည် စောဆားရွာသူကြီးနှင့် အသက်(၂၀)အရွယ်ရှိ လူငယ်တစ်ဦးကို ရက်စက်စွာသတ်ဖြတ်ပြီး အခြား စောဆားရွာသားနှင့် နောင်တဖန်ရွာသား (၈၀)ကိုလည်း ဖမ်းဆီးညင်းပမ်းနှိပ်စက် ရိုက်နှက်ခဲ့သည်။

ဖမ်းဆီးခံရသော ရွာသားများသည် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးတပ်ဖွဲ့ (ပီအဲန်အဲယ်အို)နှင့် ဆက်သွယ်သည်ဟု စွပ်စွဲကာ ကြမ်းတမ်းရက်စက်စွာ ရိုက်နှက် စစ်ဆေးလျှက်ရှိသည်။ ရိုက်နှက်စစ်ဆေးခံရသည့် ရွာသားအချို့သည် ဒဏ်ရာအပြင်းအထန်ရရှိသည့်အပြင် သွေးအံ့ပြီး လမ်းပင်မလျှောက်နိုင်ကြတော့ပေ။

အပြစ်မဲ့ကျေးရွာသားများကို ယခုကဲ့သို့ ဖမ်းဆီးပြီး ရက်စက်သတ်ဖြတ်မှုလုပ်ရပ်များမှာ ယခုလ (၃)ရက်နေ့တွင် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးတပ်ဖွဲ့နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်ပူးပေါင်းတပ်ဖွဲ့က ဆိုက်ခေါ်ဝ်နှင့် ဘန်းယဉ်ကြားရှိ ခမရ ၄၂၆ တပ်ရင်းကို ခြုံခိုတိုက်ခိုက်ခဲ့သည့်အပေါ် တန်ပြန်လက်တုန့်ပြန်လိုက်ခြင်းဖြစ်သည်ဟု မိမိတို့ ပအိုဝ်းလူငယ်အစည်းအရုံးမှ မှတ်ယူသည်။

ခြုံခိုတိုက်ခိုက်မှု ခံခဲ့ရပြီးနောက်ပိုင်း ဆီဆိုင်မြို့နယ်အတွင်းတွင် နအဖစစ်တပ်က စကခ(၇) လက်အောက်ခံတပ်ရင်း (၅)ရင်းခန့်က တိုင်းရင်းသားလက်နက်ကိုင်ပူးပေါင်းတပ်ဖွဲ့ကို လိုက်လံချေမှုန်းရန်အတွက် ထိုးစစ်ဆင်မှုများ ပြုလုပ်နေသည်။ ယင်းထိုးစစ်ဆင်ပြုလုပ်ရာတွင် ကျေးရွာသားများကို အထမ်းသမားပေါ်တာအဖြစ် ဖမ်းဆီးခေါ်ဆောင်လျှက်ရှိသည်။ ထို့ကြောင့် ယခုဆီဆိုင်မြို့နယ် အတွင်းရှိ ကျေးရွာသားများမှာ ရွာအတွင်းတွင် မနေရဲသဖြင့် ထွက်ပြေးပုန်းရှောင်နေကြရသည်ဟု ရွာသားတစ်ဦးက ယခုလိုပြောသည်။ ***"အခု ရွာထဲမှာ အမျိုးသားတွေက မနေရဲကြဘူး တောတောင်ထဲမှာ သွားပုန်းရှောင်နေကြသလို တချို့က ဘုန်းကြီးကျောင်းမှာ ပုန်းခိုနေကြရတယ်။"***

ကျေးရွာသားများသည် ရိုးရိုးသားသားတောင်ယာလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကြောင်း ပြုလုပ်ကြသူများဖြစ်သည်။ မည်သည့်လက်နက်ကိုင်တပ်ဖွဲ့များနှင့် ပါဝင်ပတ်သက်မှုမရှိပါ။ ယခုကဲ့သို့ လက်နက်ကိုင်တပ်ဖွဲ့များအချင်းချင်း ဖြစ်ပွားသည့် တိုက်ပွဲကြောင့် ကျေးရွာသားများမှာ မြေစာပင်အဖြစ် ခံနေကြရပါသည်။

ထို့ကြောင့် မိမိတို့ ပအိုဝ်းလူငယ်အစည်းအရုံးအနေဖြင့် နအဖစစ်တပ်က အပြစ်မဲ့ရွာသားများအား ဖမ်းဆီးသတ်ဖြတ် ရိုက်နှက်နေမှုနှင့် ပေါ်တာဆွဲနေမှုများအပေါ် ပြင်းထန်စွာ ရှုံ့ချပြီး ယင်းလုပ်ရပ်အား ချက်ခြင်းရပ်တန့်ရန် တောင်းဆိုသည်။

ပအိုဝ်းလူငယ်အစည်းအရုံး

ဆက်သွယ်ရန်
ခွန်ချန်ကီ

ဖုန်း။ ၀၈၅ ၂၈၈ ၄၂၁၁
အီးမေး။ pyohq@yahoo.com